တောင်သာမြို့နယ်

ချောင်းဆုံအရှေ့ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ – ၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းဆုံအရှေ့ကျေးရွာ ၊ တောင်သာမြို့နယ်

ရွာတန်းရှည်ကျေးရွာ၊တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ် ၊ မေ လ

မာတိကာ

မာတိကာ ၂-၅

စကားချီး ၆

ချောင်းဆုံ(အရှေ့)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ တောင်သာမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

**၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှန်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက် ၈

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု ၈

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၈-၉

**၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၉-၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၀

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၀

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၀-၁၁

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု ၁၁

(ဃ) ကျန်းမာရေးနှင့်အာဟာရ ၁၂

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၂

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၂-၁၃

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃

(ခ) သီးနှံ၊သားငါး၊ ထုတ်လုပ်ရေးကဏ္ဍ ၁၃-၁၄

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၄-၁၅

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု ၁၅

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၅

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၆

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး ၁၇

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၁၇

၅။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၇-၁၈

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈-၁၉

၆။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင် ၁၉

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၁၉

၇။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ** ၁၉

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း ၂၀

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး ၂၀

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ ၂၀

(ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့ ၂၀-၂၁

၈။ **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ** ၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၁

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၂၂

(ဂ) ဦးစားပေးစီမံချက်များ ၂၂-၂၆

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာ ၂၇

၉။ **ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်** ၂၈-၂၉

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၂၉

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၃၀

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၀

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ ၃၁

၁၁။ **စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring) ၃၁-၃၂

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၃

## နောက်ဆက်တွဲ

## နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ


ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ ၃၃

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၄-၃၈

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၃၈

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၉

ဇယား (၅) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၃၉

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ ၄၀

ဇယား (၇) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ ၄၁

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ ၄၁

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၄၂-၄၃

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၄၃-၄၅

(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ ၄၅

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၄၆

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၄၇

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၄၇

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း ၄၈

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၄၈

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၉

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၄၉-၅၀

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၅၁

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၅၂

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့် စိန်ခေါ်မှုများ ၅၃

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၅၄-၅၅

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ ၅၆

ဇယား (၂၄) ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ ၅၆-၅၇

ဇယား (၂၅) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၅၇

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့်အခက်အခဲများ ၅၈

ဇယား (၂၇)  သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်အခဲများနှင့်သဘာဝဘေးအန္တရာယ်  ၅၉
လျော့ချရေးအစီအမံများ
ဇယား (၂၈)  မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးနှုန်း  ၆၀
ဇယား (၂၉)  ကျောင်းအပ်နှုန်း  ၆၀
ဇယား (၃၀)  စာသင်ကျောင်းဆောင်အခြေအနေ  ၆၁
ဇယား (၃၁)  ပညာရေးအချက်အခဲနှင့်ပြဿနာများ  ၆၁–၆၂
ဇယား (၃၂)  အဖြစ်များသောရောဂါများ  ၆၂
ဇယား (၃၃)  ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ  ၆၂
ဇယား (၃၄)  သောက်သုံးရေရရှိမှု  ၆၃
ဇယား (၃၅)  သန့်ရှင်းရေးအခြေအနေ  ၆၃
ဇယား (၃၆)  ကျေးရွာ၏ လမ်း၊တံတားတည်ရှိမှုအခြေအနေ  ၆၄–၆၅
ဇယား (၃၇)  ရေကြောင်းသယ်ယူပို့ဆောင်ရေး  ၆၅
ဇယား (၃၈)  သယ်ယူပို့ဆောင်ရေးယာဉ်များ  ၆၅
ဇယား (၃၉)  လျှပ်စစ်မီးရရှိမှုအခြေအနေ  ၆၆
ဇယား (၄၀)  ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ  ၆၆
ဇယား (၄၁)  ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ  ၆၆–၆၇
ဇယား (၄၂)  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု  ၆၇
ဇယား (၄၃)  မှုခင်းဖြစ်ပွားမှုအခြေအနေ  ၆၈
**နောက်ဆက်တွဲ(၂)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ**
ဇယား (၄၄)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ဇယား (၄၅)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်
စိန်ခေါ်မှုများ
**နောက်ဆက်တွဲ(၃)  ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)**
ဇယား (၄၆)
**ကိုးကားစာရင်း**
**အပိုင်း(ခ)  စီမံချက်ဆိုင်ရာ အချက်အလက်**
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ
အတိုကောက်စကားလုံးများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အအလက်အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မေလ ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချောင်းဆုံ(အရှေ့)ကျေးရွာ၊ တောင်သာမြို့နယ်

# ရှောင်းဆုံ(ဂရွာ) ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ တောင်သာမြို့နယ်



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ပြီးစီးခဲ့သောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကို ပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရ သောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များအဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရရှိစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ များကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးသည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့အဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် တောင်သာ - နွားထိုးကြီးကားလမ်းမမှ (၁/၄)မိုင်ခန့်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာတောင်သာမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည်

မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက်မမှာ(၃၆.၇၇)လက်မဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်၍ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင်လည်းပတ်စီးဆင်းနေသောချောင်းများတည်ရှိသည်။လယ်ယာမြေများ သည်မြေပဲ၊နှမ်းစိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းရန်တို့အတွက်အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများမှာမိုးရွာသွန်းမှုအပေါ်မူတည်၍စိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၆၂၀)ဧကရှိပြီး မြေပဲနှင့်နှမ်းများကိုအဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၇၅)စုနှင့် ကျား(၃၃၆)၊မ(၃၉၇)ဦးဖြင့် လူဦးရေပေါင်း(၇၃၃)ဦးရှိကာ တစ်အိမ် ထောင်လျှင်ပျှမ်းမျှ(၄.၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၇၄.၉၄ % ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကိုယ်ပိုင်ထန်းလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပါသည်။ ဆင်းရဲချမ်းသာသတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏(၆၁.၁၄%)သည်ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး(၁၈.၈၆%)သည် ချမ်းသာသည့်အဆင့်၊(၂၀%)သည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုမ်းမှီမှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာအသင့်အတင့်ကောင်းသည်ဟုပြောနိုင်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား

အချို့မှာလည်း ထန်းတက်သမား ၊ဆီစက်စသော အသေးစားလုပ်ငန်းများတွင်လည်းပါဝင် ဆောင်ရွက်ကြသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင်များဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စားနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး(၃၂.၅၇%)ထိရှိကာဆင်းရဲ၊အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်းရာသီအလိုက်လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုး တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေ ရရှိနိုင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၃၀%)ဖြစ်သော (၃၂)စုကိုလေ့လာဆန်းစစ်မှုအရ ယင်းအိမ်ထောင်စုများသည်(၃)လအောက်စားသုံးနိုင်ကြကြောင်း၊ နှစ်စဉ်ဖရဲစိုက်ကွင်းများ၊အောက်ပြည်အောက်ရွာသို့ ထန်းတက်ခြင်းလုပ်ငန်းများသွားရောက်လုပ်ကိုင်နိုင်ကြပြီးရရှိငွေအားခြိုးခြံချွေတာ စားသုံးကြကြောင်းမိတ်ဆွေများထံမှရိက္ခာအတွက် အကြွေးဝယ်ယူစားသုံးထားပြီးရွာသို့ပြန်လည်ရောက်ရှိချိန်မှပေးဆပ်ကြောင်း၊ ယင်းတို့၏(၈၇.၅%)သည်ချေးငွေအနေဖြင့်မြစိမ်းရောင်ချေးငွေနှင့်သ/မချေးငွေများကို ချေးယူကြကြောင်း အကြွေးတင်ရှိမှုတွင်တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀ိ/- မှ ၃၀၀၀၀ိ/- ကျပ်အထိတင်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

အိမ်ထောင်စုအားလုံး၏(၆.၈၅%)ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီးထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။ အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စု(၁၂)စုနှင့်မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၂)စုသည်ဆင်းရဲသည့်ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၉)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တက်သည့် ရောဂါများ၊အရက်နှင့်မူးယစ်ဆေးဝါးအန္တရာယ်တို့ရှိတက်ကြသည်။

**(ဃ) ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင်ပိုမိုဖြစ်ပွားကြောင်းတွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာပြည်သူ များအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ခြင်းမရှိဘဲကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးသော လှည်းကူးမကျေးရွာကျေးလက်ဆေးပေးခန်းနှင့်(၁၀)မိုင်ထက် ကွာဝေး သော တောင်သာမြို့နယ် ပြည်သူ့ဆေးရုံနှင့်လည်းလက်လှမ်းမီသည်။

ကျေးရွာတွင်လက်တူးတွင်းကျယ်၊အဝီစိတွင်း၊စက်တပ်တွင်းများမှမြေအောက်ရေကိုအလွယ် တကူ ရနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တီဘီ၊ဆီးချို၊သွေးတိုး၊အသည်းရောင်(ဘီ၊စီ)စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊အတွက်တို့ကိုတက်မြောက်ကြသော်လည်းဘွဲ့ရအရေအတွက် နည်းပါးကြသည်။ ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက် သင်ကြားကြသည်။ သို့သော်အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီးလူငယ် လူရွယ် များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင်ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထား ကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်း ကိစ္စများ၊ တိုင်ကြားမှုများမတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ် များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက် ထက်နည်းနေသော်လည်း အထက်တန်းနှင့်တက္ကသိုလ်ကောလိပ် အဆင့်တွင်မအရေအတွက်မှာ ကျားအရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက် ပညာ

သင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့်လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိပါ။ ကျားမ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့်ကျားမ တန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးအသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့ ရှိပါသည်။ လူငယ်အဖွဲ့နှင့်အမျိုးသမီးအဖွဲ့ ဖြစ်ပြီး လူငယ်အဖွဲ့မှာ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စများအပါအဝင် လူမှုရေး လုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပြီးလှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ ကျေးရွာရှိအဆိုပါအဖွဲ့ အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရား တို့နှင့် ပတ်သက်၍အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲ၊ပြောင်းနှင့် နှမ်းများကို အဓိကထားစိုက်ပျိုးကြသည်။ မြေပဲစိုက်ကေ (၃၀၀)ရှိပြီးသီးထပ်သီးနှံအဖြစ်ပဲစဉ်းငုံကိုစိုက်ပျိုးကြသည်။ ပဲစဉ်းငုံ(၁၅၀)ကေ၊ ပြောင်း(၁၇၁)ကေ နှင့်နှမ်း(၃၀၀)ကေစိုက်ပျိုးကြသည်။ မြေပဲတစ်ကေပျှမ်းမျှအထွက်နှုန်းမှာ(၁၇.၅)တင်း၊ ပဲစဉ်းငုံ တစ်ကေပျှမ်းမျှအထွက်နှုန်းမှာ(၅)တင်း၊ ပြောင်းတစ်ကေပျှမ်းမျှအထွက်နှုန်းမှာ(၂)တင်းနှင့် နှမ်း တစ်ကေပျှမ်းမျှအထွက်နှုန်းမှာ(၇.၅)တင်းဖြစ်ပါသည်။ သီးနှံများစိုက်ပျိုးရာတွင်မိုးရွာသွန်းမှုအပေါ် မှီခိုအားထား၍ စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှလည်းတောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက်အလုပ်သမား မလုံလောက်မှုပြဿနာကိုရင်ဆိုင်ရာတက်ပြီးလုပ်အားခပိုမိုပေး မှ အလုပ်သမားများကိုငှါးရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားရသည်။တစ်ချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တင်မှုတို့ကိုကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင်ကြဲပက် စနစ်ကိုသုံးကြသည်။ တောင်သူများသည်တစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ရတက်

သည်။မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကိုပိုမိုတွေ့ရပြီးယင်းဖျက်ပိုးများသည်ပိုးသတ်ဆေးတချို့ကိုခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၆၈.၅၇%)ရှိပြီး ဒေသမှနွားများကိုမွေးမြူကြသည်။ ကျေးရွာတွင်ကြက်များကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတက်သောတိရစ္ဆာန်ရောဂါများ အထူးသဖြင့်ကြက်လည်လိမ်ရောဂါသည်အဖြစ်များပြီးရောဂါကြောင့် သေဆုံးမှုများလည်းရှိတက်သည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ရွာထဲမှချေးသူများထံမှ ချေးငှါး လျှင်လည်း အတိုးနှုန်းမှာမြင့်မားတက်သည်။ ကျေးရွာတွင်မွေးမြူရန်ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှအသင့်အတင့် အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပြင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီးသင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် လည်းမတက်နိုင်ကြချေ။ငွေကြေး

အဆင်ပြေသောအိမ်ထောင်စုအချို့သောအပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲ၊ပဲစင်းငုံ၊ နှမ်းစိုက်ခင်းများတွင် ဖျတ်ပိုးများကျရောက်၍ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျ ဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘတ်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးကိုသာ အသုံးပြုမှု ပိုများပြားသည်။ ကျေးရွာတွင်ဆေးဖတ်တင်အပင်မျိုးစိတ်များ၊ အခြားတိရစ္ဆာန်မျိုးကွဲများလည်း မရှိပေ။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလက်စတစ်အိတ်နှင့်အမှိုက်များကိုစနစ်တကျ မစွန့် ပစ်ကျသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေး သင့်သည်။

တောင်သာမြို့၏အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီး ရေကြီးရေလွှမ်းမိုးခြင်းမရှိပါ။ ကုန်တွင်း ဒေသဖြစ် ခြင်းကြောင့်မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သောမုန်းတိုင်းဝင် ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတက်သည်။အခါအားလျော်စွာကျရောက်တက်သော မိုးခေါင် ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကို ထုတ်ချေးခြင်းမရှိပါ။ကျေးရွာမှတောင်သူများသည် သမဝါယမအသင်းကိုဖွဲ့စည်းထားပြီးသမဝါယမ ချေးငွေကို(၆)လအတိုးနှုန်း(၁.၅)ကျပ်တိုးဖြင့်ချေးယူနိုင်ကြသည်။အချို့အိမ်ထောင်စုများမှာမိတ်ဆွေ၊ မိသားစုဝင်များထံမှတစ်နှစ်အတိုးနှုန်း(၁၅%)ခန့်ဖြင့်လည်းကောင်းချေးယူကြသည်။ကျေးရွာသား အများစုသည်ချေးငွေကို (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် ချေးယူကြပြီးအထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပါသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ခဲ့ချက်အရပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများထဲမှအချို့သောအိမ်ထောင်စု များသည် အခြားဒေသသို့သွားရောက်အလုပ်လုပ်ကိုင်ကြပြီး ရိက္ခာအတွက်ကျေးရွာရှိ အိမ်ဆိုင်၊ မိတ်ဆွေများထံမှချေးယူထားကြပြီး ပြန်ရောက်ခါမှအကြွေးဆပ် ကြပါသည်။ထိုအိမ်ထောင်စုများ သည် အကြွေးငွေ ၅၀၀၀၀ိ/- မှ ၃၀၀၀၀ိ/- ထိချေးယူထားကြောင်း တွေ့ရှိ ခဲ့ပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ မူလတန်းကို ၉၀ ပေ ၊ ၃၀ ပေ ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊အုတ်နံရံကာနှင့်အုတ်ခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။ ရွာသား အားလုံးနီးပါးမှာ ရေးတက်ဖတ်တက်ကြပါသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ် ကျောင်းအပ်နှံသည့်နှုန်းထားသည်ကျေးရွာရှိမူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေကြောင်း လေ့လာတွေ့ရှိရပါသည်။ စာသင်ကျောင်း၏အခြေအနေမှာ သင့်တင့်ကောင်းမွန်ပါသည်။ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။ကျောင်းတွင်မူလတန်းပြ ဆရာ၊ ဆရာမ(၇)ဦးရှိပြီး တပည့်ဆရာအချိုးသည် (၅၆:၇)ဖြစ်၍ကျောင်းဆရာ၊ဆရာမအင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက်ပြဌာန်း စာအုပ်များ၊လေ့ကျင့်ခန်းစာအုပ်များနှင့်ကျောင်းဝတ်စုံများ အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိ နိုင်ခြင်းမရှိဘဲကျေးရွာနှင့်(၅)မိုင်ခန့် ကွာဝေးသောလှည်းကူးမကျေးရွာ ကျေးလက်ဆေးပေးခန်း နှင့် (၁၀)မိုင်ထက်ကွာ ဝေးသောတောင်သာမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသမှုခံယူရပါ သည်။ကျေးရွာတွင်ကိုယ်အားကိုယ် ကိုးဆေးခန်းဆောက်လုပ်ထားပါသည်။

သောက်ရေအတွက် လက်တူးတွင်းနှင့် အဝီစိတွင်းစက်တပ်မှသုံးစွဲကြပြီး လုံလောက်မှုရှိ သည်။ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီးဆင်းရဲ သောအိမ်ထောင်စုများကဝါးရိုင်ပတ်ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။ ကျေးရွာအိမ်ခြေ၏(၈၅.၇၁%) မှာ ယင်လုံအိမ်သာဆောက် လုပ်သုံးစွဲမှုများသဖြင့်ဆက်စပ်ဖြစ်ပွားတက်သောရောဂါများဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများစနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင်လည်းရိုးရာအက များဖြင့်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက် သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံအဆောက်အဦး-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိရွာတွင်းလမ်းများမှာမြေသားလမ်း(၁)မိုင်ခန့်ဖြစ်ပြီး ကား(၆)စီး၊ထော်လာဂျီ(၂)စီးနှင့်မော်တော်ဆိုင်ကယ်(၁၁၉)စီးအသုံးပြုမောင်းနှင်ကြသည်။ကျေးရွာတွင်၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြင်းခြံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၅') Box Culvert (၁)စင်းတည်ဆောက်ပေးခဲ့ပါသည်။ကျေးရွာတွင် ရေလမ်းခရီးအသုံးပြုမှုမရှိပါ။

ကျေးရွာတွင်လျှပ်စစ်မီးမရှိဘဲအများစုမှာ ဆိုလာမီးကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင်မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအ ချက်အလက်များအတွက်ချိန်ဆက်အသုံးပြုနိုင်သည်။တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံး ပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်ဖြစ်ပွားခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

ကျေးရွာတွင်လျှပ်စစ်မီးမရှိသော်လည်း ဆိုလာမီးသုံးစွဲနိုင်သော အိမ်ထောင်စုများသဖြင့်ကျောင်းသူ/ သားများအတွက် စာဖတ်ရာတွင်အတော်အသင့်အဆင်ပြေနေသည်။

လူဦးရေအားလုံး၏(၇၃.၉၄%)မှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ အထက်တန်းနှင့်ဘွဲ့ရအရေအတွက်အနည်းငယ်သာရှိသော်လည်းစိတ်ပါဝင်စားမှုရှိသဖြင့် သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကိုတိုးတက်

ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသမှုအတွက်လည်း တောင်သာမြို့နယ်ပြည်သူ့ ဆေးရုံနှင့်မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက်ကောင်းသောအဆင့် တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်းလယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူပို့ဆောင် ပေးနိုင်သည်။မိုးရွာသွန်းမှုမှာမြေပဲ၊နှမ်းပဲစင်းငုံနှင့်ပြောင်းများ စိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင်မိုးရွာသွန်းမှုအပေါ်မှီခို၍ သီးနှံများစိုက်ပျိုးကြသည်။ ကျေးရွာသည် တောင်သာမြို့၊ နွားထိုးကြီးမြို့နှင့်မန္တလေးမြို့များသို့ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့်ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး အတန်အသင့်ကောင်းမွန်သဖြင့် ကျေးရွာထုတ်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင်မွေးမြူရေးထွက်ကုန် ရောင်းချရန်ဈေးကွက်ကောင်းသဖြင့် ကြက်နှင့်နွားကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော်လည်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှလိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်းတိုးမြှင့် ဆောင်ရွက်ပေးရန်လိုအပ် သည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာမြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပအခြားသယံဇာတ များမထွက်ရှိပါ။ ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်း တိုးမြှင့်အောင်အားစိုက်ရမည်။

မိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြရပြီးတစ်ခါတစ်ရံရာသီဥတုမမှန်မှုနှင့်ရင်ဆိုင်ကြရသည်။ ထို့အပြင်ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်းမြေပဲ၊နှမ်းစိုက်ခင်းများတွင်ကျရောက် တက်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကိုရနိုင်သော်လည်း

ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူ များရှိသော်လည်းအတိုးနှုန်းမှာမြင့်မားတက်သည်။ ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင် အခက်အခဲနှင့်ကြုံတွေ့ရတက်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက်အခက်အခဲဖြစ်နေပါသည်။ ဒေသတွင်လည်းအိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်း၊ တတ်သိပညာအထိအတွေ့တို့အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဇဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ကိုလည်းသတ်မှတ်ကာလ အတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်မြေပဲ၊ နှမ်းအပြင် ပဲစဉ်းငုံကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများ အတွက်သီးနှံ ဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီး ဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်းစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကိုမှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာတောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာ အသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာန က ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့်လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။ သို့သော်၄င်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်း အချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား

နေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှအသေးစားလုပ်ငန်းများအတွက ်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက် တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှလည်း ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထု သည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ် တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည်ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ထိုခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲ မှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification ) ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း

လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| **ကျေးလက်မီးလင်းရေးကဏ္ဍ**<br>၁။ လျှပ်စစ်မီးဆောင်ရွက်ခြင်း | ၅၀ | ၁ | ကျေးလက်မီးလင်းရေးလုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာမီးလင်းရေးကော်မတီမှဦးစီးဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီး |
| **ကျန်းမာရေးကဏ္ဍ**<br>၂။ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်း(၁)ဦးခန့်ထားပေးခြင်း | ၄၆ | ၂ | ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာ ဌာနများနှင့်ချိတ်ဆက်ပေးခြင်း၊ကျန်းမာရေးဝန်ထမ်း(၁)ဦး ခန့်ထားပေးရေးကူညီဆောင်ရွက်ပေးသွားမည်။ | |
| ၃။ လူနာတင်ယာဉ်ကား(၁)စီးဝယ်ယူခြင်း | ၃၃ | ၄ | ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသဖြင့်အရေးပေါ်လူနာတင်ယာဉ်ကား(၁)စီးတောင်းခံခြင်းအားကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှတင်ပြတောင်းခံသွားမည်။ | |
| **ကျေးလက်လမ်း**<br>**(ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦးများ)**<br>၄။ ကျေးရွာအဝင်လမ်းကျောက်ချောခင်းပေးခြင်း၊ ကျေးရွာတွင်းလမ်း ကန့်ကာခင်းခြင်း | ၄၂ | ၃ | ကျေးရွာတွင်သွားလာမှုလွယ်ကူစေရန်အတွက်ကျောက်ချောလမ်း၊ ကန့်ကာခင်းခြင်းလုပ်ငန်းအားဆောင်ရွက်နိုင်ရန် အတွက်ကျေးလက်လမ်းဦးစီးဌာနသို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတင်ပြတောင်းခံသွားမည်။ | |
| ၅။ ကျောက်စီရေကာနံရံပြုလုပ်ခြင်း | ၂၃ | ၈ | ကျောက်စီရေကာနံရံပြုလုပ်ခြင်းအတွက်ကျေးလက်လမ်းဦးစီးဌာနချိတ်ဆက်ဆောင်ရွက်ပေးခြင်းလုပ်ငန်းအားကျေးလက်လမ်းဦးစီးဌာနသို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတင်ပြတောင်းခံသွားမည်။ | |

